SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်

### ရှမ်းပြည်တောင်ပိုင်း၊မိုးဗြဲအင်းအရှေ့ဘက်ကမ်းတွင် စစ်ကောင်စီတပ်၏ မြေလှန်ဖျက်ဆီးသည့် စစ်ဆင်ရေးကြောင့် နေအိမ်အလုံး၁၀၀ကျော်မီးရှို့ဖျက်ဆီးခံရပြီး ပြည်သူ၄၀၀၀ခန့် ထွက်ပြေးတိမ်း ရှောင်နေရ

၂၀၂၂ ခုနှစ် မေလလယ်ပိုင်းမှစတင်ကာ စစ်ကောင်စီတပ်သားများသည် ကျယ်ပြန့်လာသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကိုတုန့်ပြန်ရန်အတွက် ရှမ်းပြည်တောင်ပိုင်းဖယ်ခုံမြို့နယ် မိုးဗြဲအင်းအရှေ့ဘက်ခြမ်းတွင် မြေလှန်ဖျက်ဆီးသည့် စစ်ရေးလှုပ်ရှားမှုများကိုပြုလုပ်ခဲ့ရာ နေအိမ် အလုံးတစ်ရာကျော်ဖျက်ဆီးခံခဲ့ရပြီး လွယ်ပေါကျေးရွာအုပ်စုမှ ပြည်သူ၄၀၀၀ကျော်သည် နေရပ်စွန့်ခွာကာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မေလ ၁၂ရက်တွင် ဖယ်ခုံမြို့ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ညောင်ရွှေမြို့တောင်ဘက် မိုးဗြဲညောင်ရွှေလမ်း မကြီးပေါ်ရှိ စစ်ကောင်စီနှင့် ပအိုဝ့်ပြည်သူ့စစ် PNO တို့ပူးတွဲစခန်းချသည့် ထီရီ ကျေးရွာ ကင်းစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

သျှမ်းပြည်တောင်ပိုင်းနှင့်ကရင်နီပြည်ကိုအဓိကဆက်သွယ်ထားသောလမ်းမကြီး



စစ်ကောင်စီတပ်မှ အထက်ပါတိုက်ခိုက်မှုကိုတုန့်ပြန်သည့်အနေဖြင့် အဆိုပါလမ်းကြီးတောင်ဘက်အတိုင်း နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးကို ခမရ ၄၂၂ တပ်နှင့် PNOတပ်များအား ဖယ်ခုံမြို့ မိုးဗြဲအင်းအရှေ့ဘက်ခြမ်းရှိ လွယ်ပေါ ကျေးရွာအုပ်စုအတွင်းသို့ တပ်ဖြန့်ကာ စတင်ခဲ့သည်။နယ်မြေခံ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မေလ ၁၅ရက်နေ့တွင် စစ်ကောင်စီတပ်သည် လေကြောင်းတိုက်ခိုက်မှုကိုလည်းပြုလုပ်ခဲ့ရာ လွယ်ပေါကျေးရွာ အုပ်စုမှဒေသခံပြည်သူ ၄၀၀၀ ကျော်သည် နေရာအနှံ့ပြားသို့ထွက်ပြေးတိမ်းရှောင်ခဲ့ ရသည်။ ထိုသို့တိမ်းရှောင်ရာတွင်မြောက်ဘက်ရှိဆီဆိုင်၊ပင်လောင်းနှင့်တောင်ကြီးမြို့များသို့၄င်း တောင်ဘက်ရှိ ကရင်နီပြည် လွိုင်ကော် နှင့် ထိုင်းနိုင်ငံသို့၄င်း ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

**ဖယ်ခုံမြို့နယ်တွင်စစ်ကောင်စီတပ်သားများမှ မီးရှို့သောရွာများ**




မေလ၁၆ရက်နေ့တွင် စစ်ကောင်စီတပ်သားများနှင့်ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ ဝင်များသည် အင်းအရှေ့တောင် ဘက်ခြမ်းရှိ ဆီမီးလော့ကျေးရွာ အနီးတွင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး နောက် တပ်မ၆၆မှ စစ်ကောင်စီတပ် သား များသည် လွယ်ပေါကျေးရွာအပါအဝင် မိုးဗြဲ-ညောင်ရွှေလမ်းတစ်လျှောက် တပ်များဖြန့်ကျက်ကာအင် အားဖြည့်လာခဲ့သည်။

မေလ ၁၆ ရက်နေ့တွင် ဆောင်နန်းခဲကျေးရွာတွင် မည်သည့်တိုက်ပွဲမှဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီတပ် သား များသည် ညနေ ၄နာရီခွဲမှစတင်ကာ လွယ်ပေါသည် ကျေး ရွာအုပ်စု ဆောင်နန်းခဲ ကျေးရွာ တစ်ရွာ လုံးကိုမီးရှို့ ဖျက်ဆီးခဲ့ကြသည်။ စစ်ကောင်စီတပ်သားများသည် နေအိမ်များကို ဓာတ်ဆီဖြင့်လောင်း ကာမီးရှို့ခဲ့ ကြခြင်း ဖြစ် သည်။ နောက်တစ်နေ့မနက်တွင် ကျေးရွာအတွင်းရှိနေအိမ် ၄၀ ကျော်သည်မီးလောင်ပျက်စီးသွားခဲ့သည်။

၂၀၂၂ ခုနှစ် မေလ ၁၇ ရက်နေ့ ညသ၁ နာရီဝန်း ကျင်တွင် လွယ်ပေါကျေးရွာအုပ်စုတွင်နေရာယူထားသော စစ် ကောင်စီတပ်သားများသည် မည်သည့်တိုက်ပွဲမှဖြစ်ပွားခြင်းမရှိဘဲ မိုးဗြဲအင်းအလယ်တွင်ရှိသောလွယ်ပန်းစုံ (ရေလယ်ကျွန်း)ရွာကိုလက် နက်ကြီးများဖြင့် ရမ်းသန်း

ပစ်ခတ်ခဲ့သည်။ ထိုသို့ပစ်ခတ်မှုကြောင့်လွယ်ပန်းစုံဘုန်းကြီး ကျောင်းတွင် တိမ်းရှောင်နေသော ပြည်သူ ၂ဦး လက်နက်ထိမှန်ကာဒဏ်ရာရရှိခဲ့ပြီး စာသင်ကျောင်း၊ဘုန်းကြီးကျောင်း နှင့် လူနေအိမ်အချို့ပျက်စီးခဲ့သည်။

မေလ ၂၀ ရက်နေ့တွင် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ တိုက်ပွဲများ ပြင်းထန်စွာဆက်လက်ဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်သားများသည် လွယ်ပေါ်ကျေးရွာအုပ်စု နန်းပေါ်လုံ ကျေးရွာ ကို ညနေ၆နာရီခန့်မှစတင်၍ မီးရှို့ဖျက်ဆီးခဲ့ကြသည်။မိုးများသည်းထန် စွာရွာသွန်းလာသဖြင့် နေအိမ် ၃ လုံးသာ မီးကူးစက်ခဲ့ပြီးပျက်စီးခဲ့သည်။

ထိုညပိုင်း၌ပင် စစ်ကောင်စီတပ်သားများသည် နန်းပေါ်လုံကျေးရွာနှင့်ထိစပ်လျက်ရှိသော လွယ်ပေါ ကျေးရွာနှင့် နန်းဆွန့် ကျေးရွာရှိနေအိမ်များကို ထပ်မံမီးရှို့ဖျက်ဆီးခဲ့ကြရာ နေအိမ် ၁၅ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

မေလ ၂၆ရက်နေ့တွင် လွယ်ပေါကျေးရွာအုပ်စု အရှေ့ဘက်ရှိ လွယ်မကူးတောင်တွင် စခန်းချထားသော စစ်ကောင်စီ တပ်သား များသည် တောင်ပေါ်မှဆင်းလာကာ မခေမ်းကျေးရွာမှ နေအိမ်များကို ည၇နာရီမှစ၍ မီးရှို့ဖျက်ဆီးခဲ့ ရာ အိမ်ခြေ ၂၀ ကျော်မီးလောင်ပျက်စီးခဲ့ရသည်။

ဇွန်လ၃ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် လဟယ်ကျေးရွာသို့ ရောက်ရှိလာကာ လဟယ်ကျေးရွာရှိ နေအိမ်အလုံး၂၀ကိုမီးရှို့ခဲ့သည်။တစ်ချိန်တည်းမှာပင် ပိန္နဲကုန်းကျေးရွာအုပ်စုမှ နေအိမ်အများအပြားသည်လည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။



လွယ်ပေါ်ကျေးရွာတွင်စစ်ကောင်စီတပ်မှ လုယက်မွှေနှောက်ခံရသောအိမ်



ဆောင်နန်းခဲကျေးရွာတွင်စစ်ကောင်စီမှမီးရှို့သော့အိမ်

ဇွန်လ ၂၁ ရက်နေ့တွင် နန်းပေါ်လုံကျေးရွာတွင်စ ခန်းချ နေ ထိုင်သော စစ်ကောင်စီ တပ်သားများ သည် နန်းပေါ်လုံ ကျေး ရွာအတွင်းရှိ နေအိမ်၃လုံးမှဆိုင်ကယ်၊ ဓာတ်မြေဩဇာနှင့်ထွန်စက်များကို လုယက်ခိုးယူပြီး နောက် နေအိမ်များကိုမီးရှို့ဖျက်ဆီးခဲ့ကြသည်။

ဇွန်လ ၂၂ ရက်နေ့ ည၆နာရီဝန်းကျင်တွင်လည်း စစ်ကောင်စီတပ်သားများသည် လွယ်ပေါကျေးရွာရှိ နေအိမ် ၂လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။



*လွယ်မကူးတောင်ခြေတွင်စစ်ကောင်စီထောင်ထားသော မြေမြှုပ်မိုင်း*

စစ်ကောင်စီတပ်သားများသည် လွယ်ပေါကျေး ရွာအုပ်စုအတွင်း ဆက်လက်စခန်းချနေထိုင် လျက် ရှိရာဒေသခံ ပြည်သူများအနေဖြင့်အိမ် ပြန်ရန် ကြောက် ရွံ့နေကြသည်။ စစ်ကောင်စီတပ် သား များသည် ၄င်းတို့ မွေနှောက် လုယက်ထား သော နေအိမ် များတွင်စခန်းချနေထိုင်ကြပြီးကျေး ရွာပတ် လည်တွင်မြေမြှုပ်မိုင်းများ ထောင်ထားခြင်း ၊လွယ် မကူး တောင်ပေါ်မှနေ၍လမ်းမကြီး ပေါ်တွင် သွား လာသော ပြည်သူများကိုရမ်းသန်း ပစ်ခတ်ခြင်း များ ပြုလုပ်ကြသဖြင့်လမ်းမကြီးကို အသုံးပြု ရန် ကြောက်ရွံ့နေကြသည်။

လွယ်ပေါ ကျေးရွာအုပ်စုအတွင်း နေထိုင်ကြသူ အများ စုမှာ ရှမ်းလူမျိုးများဖြစ်ပြီး ၄င်းတို့အသက်မွေး ဝမ်းကျောင်း အတွက် ဆန်၊ပြောင်းနှင့်ထောပတ် တို့ကိုစိုက်ပျိုး ရာ ယခုနစ်တိုက်ပွဲများကြောင့် ၄င်းတို့၏ လယ်ယာ လုပ်ငန်း များကိုလုပ်ကိုင်နိုင်ခြင်းမရှိပါ။

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းဆန်လွယ် +66: 88 680 4913 (ရှမ်း၊ မြန်မာ)

ယိင်းလျန်းဟန် +66 62 569 5220 (ရှမ်း၊ မြန်မာ)